# ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ ဖြေက်မြောက်နေ့

**September 6, 2004**

နံက် ၁၁နာရီတွင်လက်ရှိ အယ်လ်ဘာနီမြို့ ဘုန်းတော်ကြီးကျောင်းတွင်တည်းခိုစခန်းချနေသော တိုက်ပွဲဝင်ရဲဘော်သုံးဦးနှင့် ဝယ်လ်ကိုဇင်မြို့မှလာရောက်အားပေးသူ ကိုစိုင်းမိုးကိုကို၊ ယူတီကာမြို့မှ ကိုစည်သူဇော်ဝင်း တို့မှ လိုအပ်သောဆိုင်းဘုတ်များ၊ စာရွက်စာတမ်းများပြင်ဆင်နေချိန်တွင် ယူတီကာမှ ၃လ အရွယ်သမီးငယ်တစ်ဦးအပါအဝင် ၂၈ဦးမှလာရောက်ပူးပေါင်းမည်ဖြစ်ကြောင်း သတင်းပို့လာသဖြင့် စောင့်ဆိုင်းနေခဲ့ပြီး နေ့လည်၁၂နာရီခန့်တွင် ဘုန်းတော်ကြီးကျောင်းမှ ကား ၆ စီးဖြင့်ယမန်နေ့ကရပ်နားရာနေရာသို့ ထွက်ခွါလာခဲ့ကြသည်။

နေ့လည် ၁နာရီ ၄၅မိနစ်တွင် ခရီးရှည်ချီတက်ပွဲ ဖြေက်မြောက်ကိုစတင်ခဲ့ပါသည်။ ၁ ရက်နေ့တွင်




အမာခံရဲဘော် ၃ဦးဖြင့် စခဲ့သည့်တိုက်ပွဲ ဖြေက်မြောက်နေ့တွင် တော်လှန်စိတ်ဓာတ်ခိုင်မာစွာဖြင့် မြန်မာနိုင်ငံအရေးကို ပူးပေါင်းဆောင်ရွက်ကြသဖြင့် အင်အား ၃၀အထိတိုးမြင့်လာခဲ့သည်မှာ အလွန်တရာကျေနပ်အားရဖွယ်ဖြစ်ပါသည်။ လာရောက်ပူးပေါင်းပံ့ပိုးသူများမှ နေ့လည်တွင်စားသုံးနိုင်ရန် မြန်မာထမင်း၊ ဟင်း၊ ကောက်ညှင်းပေါင်းစသည်တို့ကိုလည်း ယူဆောင်လာခဲ့ကြပါသည်။ ချီတက်ရာခရီးစဉ် တစ်လျှောက်တွင် ကားများမှ ဟွန်းတီး၍တစ်မျိုး၊ လူကိုယ်တိုင်လာရောက်မေးမြန်း၍တစ်ဖုံ အသိအမှတ်ပြု အားပေးခဲ့ကြပါသည်။



မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ မျက်နှာပေါ်၌ အမိနိုင်ငံတော်တွင် ဒီမိုကရေစီထွန်းကားရေးနှင့် ပြည်သူတစ်ရပ်လုံး စစ်အာဏာရှင်စနစ်ဆိုးလက်အောက်မှလွတ်မြောက်ရေး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးတို့အတွက် တစ်တပ်တစ်အားပါဝင်ချီတက်နိုင်သည့်အတွက် ဂုဏ်ယူဝင့်ကြွားမှုအရိပ်အယောင်များ အထင်းသားပေါ်လွင်နေသလို နေ့စဉ်ချီတက်နေကြအမာခံ ရဲဘော်သုံးဦးသည် လည်း ပင်ပန်းနွမ်းနယ်သည့်လက္ခဏာအလျင်းမတွေ့ရပဲ စိတ်အားထက်သန်စွာ ချီတက်နေသည်ကို တွေ့ရှိရပါသည်။

ယူတီကာမြို့မှလာရောက်ပူးပေါင်းချီတက်သူများမှာ–

1. ဦးမန်းသောင်းတင်
2. ရှတာအေး (Shatar Aye)
3. ထူးလော်အယ်
4. အယ်သဒါထူး
5. နော်နော်

6. Starry Lay
7. Ehler Tha
8. ထူးနော့
9. စိုးထွတ်
10. အုံးရီ
11. ကဘော်ရှီး
12. ကဘော်ဝါး
13. မမြင့်မြင့်ဝင်းထွတ်
14. ဒဲနီယယ်စိုးထွတ်
15. စောချစ်
16. နော်ဖေ့ါဘောင်
17. ဆာသမူးချစ်(၄နှစ်)
18. ဆာသပလေးချစ်(၂နှစ်)
19. ဆာခူချစ် (၂လ)
20. စောခူထူး
21. နော်ပူးလာဝါး
22. စောခင်
23. လေးထူးဝါး
24. Joshua
25. ဦးစောလေးကလယ်
26. ရှိစက်တာ
27. ဌေးလ်ဒါ
28. ဦးဌေးလွင်ဦး

တို့ဖြစ်ကြသည်။



ညနေ ရး၃၀ တွင်ရပ်နားခဲ့သော ဖရက်မြောက်ချီတက်ပွဲသည် ၁၂မိုင်ခရီးပေါက်ခဲ့ပြီး စုစုပေါင်း မိုင် ၇၀ အထိချီတက်ပြီး ဖြစ်သည်။ မနက်ဖြန် စက်တင်ဘာလ ၇ ရက်နေ့တွင် ဂျပန်သီလရှင်ကြီး Jun Yasuda မှ လာရောက်ပူးပေါင်းချီ တက်မည် ဖြစ်ကြောင်း ဖုန်းဖြင့်အကြောင်းကြားလာသည်။

စက်တင်ဘာ ၄ ရက်နေ့တွင် Albany မြို့မှ Capital News 9 မှထုတ်လွှင့်ခဲ့သော သတင်းတွင် ဘာသာစကားကွာဟမှုကြောင့် ၁၅ သို့မဟုတ် ၁၆ ရက်ကြာမည့်ခရီးစဉ်အစား ၅၀ နှင့် ၆၀ဟု လွဲမှားစွာဖေါ်ပြခဲ့ခြင်း U.N security council နှင့် U.S Security Council လွဲမှားခဲ့ခြင်းတို့အပေါ် နားလည်ခွင့်လွှတ်ပေးကြပါရန်။

(မှတ်ချက်။ ။ အခက်အခဲ အမျိုးမျိုးကြောင့် ဆန္ဒပြချီတက်ပွဲသို့ လူကိုယ်တိုင်လာရောက် အားမပေး နိုင်ကြသူများအနေဖြင့် ဤတိုက်ပွဲကို အားပေးထောက်ခံကြောင်း **freedomlongmarch@aol.com** သို့ အီးမေးလ်များရေးသားပေးပို့နိုင်ပါသည်။ )